ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ် ( ၃၄ ) ၊နေပြည်တော်

ညွှန်ကြားလွှာအမှတ် ( ၆ / ၂၀၂၀)
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
၂၀၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်

**သီလဝါအထူးစီးပွားရေးဇုန်ရှိ အာမခံအမျိုးအစားများ လုပ်ကိုင်ခွင့်ပြုခြင်းကိစ္စ**

၁။ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ၂-၇-၂၀၁၉ ရက်စွဲပါ ညွှန်ကြားလွှာအမှတ် (၂/၂၀၁၉) ဖြင့် နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်းအပါအဝင် လိုင်စင်ရ အာမခံကုမ္ပဏီများက အလုပ်လက်ခံဆောင်ရွက်နိုင်သည့် အသက်အာမခံ အမျိုးအစားများနှင့် အထွေထွေအာမခံအမျိုးအစားများကို ခွဲခြားသတ်မှတ်ပေးခဲ့ပါသည်။

၂။ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သည် နိုင်ငံခြားအသက်အာမခံကုမ္ပဏီ ငါးခုနှင့် အသက်နှင့် အထွေထွေအာမခံ ဖက်စပ်ကုမ္ပဏီ သြောက်ခုကို ၂၈-၁၁-၂၀၁၉ ရက်နေ့တွင် မြန်မာနိုင်ငံတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရကုမ္ပဏီ (၈) ခုနှင့် မြန်မာ့အာမခံလုပ်ငန်းတို့ အထွေထွေအာမခံအမျိုးအစားစုံလင်စွာ အလုပ်လက်ခံဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ အာမခံအမျိုးအစားများကို သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အလုပ်လက်ခံဆောင်ရွက်ခွင့်ပြုလိုက်သည် -

(က) Industrial All Risk

(ခ) Construction All Risk / Erection All Risk

(ဂ) Baliee's Liability Insurance

၃။ သို့ဖြစ်၍ အာမခံကုမ္ပဏီများအနေဖြင့် မိမိလုပ်ငန်းနှင့် သက်ဆိုင်သည့် အထက်ဖော်ပြပါ အာမခံအမျိုးအစား သုံးမျိုးကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်မှစ၍ အလုပ်လက်ခံဆောင်ရွက်သွားရန် ညွှန်ကြားလိုက်သည်။

၁၂.၅.၂၀၂၀

ဥက္ကဋ္ဌ (ကိုယ်စား)
(ဇော်နိုင်၊ အတွင်းရေးမှူး)

ဖြန့်ဝေခြင်း

မြန်မာ့အာမခံလုပ်ငန်း၊ စီမံကိန်း ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

နိုင်ငံခြားအသက်အာမခံကုမ္ပဏီများ

ဖက်စပ်အာမခံကုမ္ပဏီများ

ပုဂ္ဂလိကအာမခံကုမ္ပဏီများ

မိတ္တူကို

- ဥက္ကဋ္ဌ၊အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ -သိသာနိုင်ပါရန်တင်ပြအပ်ပါသည်။
  စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်
- အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ
- မြန်မာနိုင်ငံအာမခံအသင်း
- ရုံးလက်ခံ။